Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

မေလ ၁၄ ရက်၊ ၂၀၂၄ ခုနှစ်


## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဧပြီလ ၈ – မေလ ၅ ရက်နေ့ထိ၊ ၂၀၂၄ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဧပြီ ၇ ရက်၊ ၂၀၂၄ | ဧပြီလ ၈ – မေလ ၅ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၅၂၀ | ၁၆ | ၅၃၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၃ | | ၃၇၃ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၆၀၂ | ၂၄ | ၆၂၅ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၄၅၃ | ၃၀ | ၁၄၈၃ |
| | ဒီးမော့ဆိုမြို့နယ် | ၆၄၅ | | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၅၀၀ | ၃ | ၅၀၃ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၃၈ | | ၁၃၈ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ<br>ဧပြီလ ၇ ရက်နေ့<br>အထိ ၂၀၂၄ | IDPs အသစ် ဧပြီလ<br>၈ – မေလ ၅ရက်၊<br>၂၀၂၄ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

## စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဧပြီလ၈ရက်မှ မေလ၅ရက်နေ့ထိ၊၂၀၂၄ ခုနှစ်



ဖယ်ခုံမြို့နယ်တွင် စကစ၏ လေကြောင်းတိုက်ခိုက်မှုနှင့် ရမ်းသန်းပစ်ခတ်မှုကြောင့် အရပ်သား ၁၅ ဦးသေဆုံး၊ ၂၄ ဦး ထိခိုက်ဒဏ်ရာ ရရှိ

ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ စစ်ကောင်စီ၏ မိုးဗြဲနှင့် ဖားဆောင်းတပ်စခန်းအား တိုက်ခိုက်ခဲ့သည်။ စစ်ကောင်စီတပ်ဘက်မှ ပေါင်အလေးချိန် ၅၀၀ ရှိသော ဗုံးများဖြင့် လွိုင်ကော်မြို့နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း အရပ်သားများအား လေကြောင်းနှင့် ပြန်လည်ကာ ပစ်မှတ်တိုက်ခိုက်ခဲ့ပြီး အရပ်သား ၁၀ ဦးသေဆုံးကာ ၂၄ ဦး ထိခိုက်ဒဏ်ရာ ဒဏ်ရာ ရရှိခဲ့သည်။ ဖယ်ခုံမြို့နယ်အတွင်း စစ်ကြောင်းထိုးလာသော စစ်ကောင်စီစစ်ကြောင်းသည်လည်း အရပ်သား ၅ ဦး ပစ်ခတ်သတ်ဖြတ်သွားခဲ့သည်။

ဧပြီလ ၁၁ ရက်၊ နံနက် ၆ နာရီအချိန်တွင် ဖားဆောင်းမြို့သို့ စစ်ကူလာသော ၁၀၉ ဦးရှိ စစ်ကောင်စီ၏ စကခ ၂ လက်အောက်ခံများဖြစ်သော ခမရ (၅၁၅နှင့် ၅၁၆)၊ တပ်မ ၆၆ လက်အောက်ခံ တပ်ရင်းဖြစ်သော ခလရ ၁နှင့် လွိုင်ကော် ဒကစ လက်အောက်ခံတပ်ရင်းဖြစ်သော ခလရ ၁၃၅ တို့အား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ကြားဖြတ်တိုက်ခိုက်ခဲ့သည့်အတွက် စစ်ကောင်စီ၏ ဗျူဟာမှူး၊ စစ်ကြောင်းမှူးအပါအဝင် ၅၃ ဦးသေဆုံးပြီး ၅၆ ဦးအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ဖမ်းဆီးခဲ့သည်။ ထိုတရက်တည်းအတွင်း နံနက် ၁၁ နာရီအချိန်တွင် စစ်ကောင်စီတပ်များမှ လေကြောင်းဖြင့် ပေါင် ၅၀၀ အလေးချိန်ရှိသော ဗုံးနှစ်လုံးဖြင့် ဖယ်ခုံမြို့နယ်၊ လွိုင်ယင်းကျေးရွာအား တိုက်ခိုက်ခဲ့သည့်အပြင် ပီကင်းကျေးရွာအား မီးလောင်ဗုံးတစ်လုံးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် စာသင်ကျောင်းနှင့် နေအိမ်တစ်လုံးထိမှန်ပျက်စီးသွားခဲ့သည်။ ထိုဗုံးကြဲတိုက်ခိုက်မှုတွင် ကလေးနှစ်ဦးအပါအဝင် အရပ်သား ၄ ဦးထိမှန်သေဆုံးပြီး ကလေးနှစ်ဦးအပါအဝင် ၄ ဦး ထိမှန်ဒဏ်ရာရရှိသွားခဲ့သည်။

ဧပြီလ ၂၀ ရက်၊ နံနက် ၁၁ နာရီအချိန်တွင် စစ်ကောင်စီတပ်များမှ လေကြောင်းဖြင့် ပေါင်အလေးချိန် ၅၀၀ ရှိသော ဗုံးနှစ်လုံးဖြင့် ဖယ်ခုံမြို့နယ် ကုန်းသာကျေးရွာအား တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုအတွင်း ကလေးနှစ်ဦးအပါင်အဝင် အရပ်သား ၆ ဦး ထိမှန်သေဆုံးသွားခဲ့၍ ၂၀ ဦး ထိမှန်ဒဏ်ရာ ရရှိသွားခဲ့သည်။ ထို့အပြင် ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ် အလုံး ၃၀ ကျော် ထိမှန်ပျက်စီးသွားခဲ့သည်။

ဧပြီလ ၂၁ ရက်၊ ဖယ်ခုံမြို့နယ်၊ ရပ်ကွက် ၅ ညောင်ကုန်းကျေးရွာမှ လင်မယားနှစ်ဦးနှင့် ရပ်ကွက် ၄ မှ အမျိုးသားတစ်ဦးတို့သည် စစ်ကောင်စီ၏ စစ်ကြောင်းနှင့်တိုးကာ ပစ်သတ်ခြင်းခံခဲ့သည်။

ဧပြီလ ၂၃ ရက်၊ ဖယ်ခုံမြို့နယ်၊ တောင်ယာမှ ပြန်လာသော လင်မယားနှစ်ဦးအား စစ်ကောင်စီ စစ်ကြောင်းနှင့်တိုး၍ ပစ်သတ်ခြင်း ခံခဲ့ရသည်။

ဧပြီလ ၂၈ ရက်၊ နံနက် ၁၁ နာရီအချိန်တွင် ဒီးမော့ဆိုမြို့နယ် ပူဖားကျေးရွာတွင် နွားကျောင်းနေသော အသက် ၁၄ နှစ်အရွယ် အမျိုးသားတစ်ဦး စစ်ကောင်စီထောင်ထားသော မြေမြုပ်မိုင်းနင်းမိကာ သေဆုံးသွားခဲ့သည်။



စကစမှ ကုန်းသာကျေးရွာအား လေကြောင်းဖြင့် ဗုံးကြဲ၊ လွိုင်ကော်မြို့နယ်



ဖားဆောင်းမြို့၊ စကစထိန်းထံမှ ထွက်ပြေးလွတ်မြောက်လာသော အရပ်သားများ

ဧပြီ ၂၉ ရက်၊ ဖားဆောင်းမြို့တွင် စစ်ကောင်စီတပ်များ၏ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခံရသော အရပ်သား ၁၈ ဦး ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ ထိုထွက်ပြေးလွတ်မြောက်လာသော မြို့ခံအရပ်သားများတွင် ကိုယ်ဝန်သည်အမျိုးသမီးများအပြင် ကလေးငယ်များလည်း ပါဝင်သည်။

ဧပြီလ ၃၀ ရက်၊ စစ်ကောင်စီတပ်များမှ ဖယ်ခုံမြို့နယ်၊ ညောင်ကုန်းကျေးရွာအား ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် နေအိမ်တစ်လုံးထိမှန် ပျက်စီးသွားခဲ့သည်။

မေလ ၄ ရက်၊ ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ဖားဆောင်းမြို့နယ်အတွင်းရှိ စစ်ကောင်စီတပ် ခမရ ၁၃၄ နှင့် ခမရ ၁၃၅ အား တိုက်ခိုက်၍ စစ်ကောင်စီတပ်မှ ၂၀ ဦးသေဆုံးပြီး ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ၄ ဦး ကျဆုံးသွားခဲ့သည်။ ထိုတိုက်ခိုက်မှုအတွင်း စစ်ကောင်စီတပ်ဘက်မှ လေကြောင်းဖြင့် အကြိမ် ၃၀၀ ကျော် ပစ်ကူ တိုက်ခိုက်ခဲ့သည်။


**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com